
ကမ်းလှည့်ဆွတ်မိ
မိချမ်းဝေ

(စာရေး သူ၏ အမှာ စာ)

“မိချမ်းဝေ ....”လုံးချင်းဝတ္ထုသစ်နှင့် ပတ်သက်လို့ ...........

**ခင်ဆွေဦး**

မိချမ်းဝေဝတ္ထု အနုပညာအရရော၊ အဓိကရည်ရွယ်ချက် (Main Theme)အရရော အောင်မြင်တယ်လို့ပြောရမှာ ပဲ။ ဆန်းတကော့ဆန်းပြားထွေလာ ပင်လယ်ပြာဝတ္ထုအ ဖြစ် အုံနှင့်ကျင်း နှင့် ဖွဲ့သွားတာ အံ့ဩဖွယ်ကောင်းလောက်အောင် ဖန်တီးသွားနိုင်ပါတယ်။ လှလည်းလှပါရဲ့ ...။

(၁) Plot သယ်သွားပုံ အားကောင်းတယ်၊ ရိုးသလိုလိုနှင့် ဆန်းပြီး ဆန်းသလိုလိုနှင့် ရိုးတယ်။

(၂) ဇာတ်ကောင်စရိုက် (Characterization)ပေါ်လွင်ပါတယ်။

(၃) Back ground နောက်ခံကားချပ်ကလည်း ပြီးပြည့်စုံပါတယ်။

(၄) အချိန်. .... နှင့်နေရာ (Time and Place)ဟန်ချက်မိပါတယ်။ (ဒါ Novel တွေ မှာ ရှိနေရမယ့် အရည်အသွေးလို့ ဂါရင့်စာရေး ဆရာတွေ သတ်မှတ်ခဲ့ကြတာပါ။)Time နှင့် Space လွဲချော်ရင် ဒီဝတ္ထုဟာ စွဲငြိစရာ ဖြစ်မလာနိုင်ပါဘူး။ စာရေး ဆရာရဲ့ ကြိုးပမ်းအားထုတ်မှုဟာ ထင်ရှားပါတယ်။

(၅) ဘဝရဲ့အတွေ း Philosophy on Life က နက်နဲသင့်သလောက် နက်နဲပါရဲ့။ ဒီထက် ပိုပြီး အတွေ းသစ်တွေ ထုတ်နိုင်ရင် ပိုကောင်းမလားလို့၊ ဆလုံဆိုတဲ့ ဘဝသာမပါရင် နည်းနည်း များ ရိုးနေသေးသလားလို့ သမားရိုးကျ ဖြစ်စဉ်အတွေ းတွေ က ထိုးဖောက် ထွက်စေချင်လို့ပါ။

(၆) တင်ပြပုံ (Presentation)တွေ ဟာ ကဗျာဆန်ရုံမက ပန်းချီကားချပ် ခြယ်မှုန်းထား သလိုပါပဲ။ ခြယ်မှုန်းမှုများ နေသလားလို့တောင် ထင်မိတယ်။

ဇာတ်သိမ်းပိုင်း ... နိုင်အေးနဲ့ ပတ်သက်လို့ Message

တစ်ခုခုလာသင့်တယ် ထင်တယ် (အိပ်ငိုက်ပြီး လွတ်သွားရင်တော့ ခွင့်လွှတ်နော်)။ အန်တီဦးက စာဖတ်သူတစ်ဦးရဲ့ ခံစားချက်နဲ့ ပြောရတာ ပါ။ ပြီးတော့ အင်မတန်တန်ဖိုးရှိတဲ့ ကဗျာတစ်ပုဒ်နှင့် မသိမ်းခင်မှာ အော်ညစ်နဲ့ မိုးတိမ် ပြန်ဆုံစည်းတဲ့ အနေအထားတစ်ခုခုနဲ့ပြဖို့ လိုမလားလို။ စဉ်းစားဖို့ထားတဲ့ သဘောရှိတယ်လို့ ပြောရပေမယ့် ယထာဘူတ ရွေးမယ်ဆိုရင် မိချမ်းဝေစကားနဲ့ ပရိသတ်ရင်ထဲ သေချာချက်အလံ တစ်ခု စိုက်ရတော့မယ်။ ဘာလို့လဲဆိုတော့ မိချမ်းဝေရဲ့ ဝတ္ထုမှာ တစ်ချိန်လုံး ဖြစ်ရမ်းဆန်းဆိုးတွေ သင်္ခါရတွေ ပြသွားတဲ့အခါမှာ အော်ညစ်ဟာ တစ်စုံတစ်ခုနဲ့ သေရင်လည်းသေမယ်။ ဒိုင်းမွန်ဒီလွန် ရင် ကြောက်လို့ ထွက်ပြေးတိမ်းရှောင်ရင်း ဆရာ့လို ကြင်နာသူတစ်ဦးဦး ရင်ခွင်ကို ခိုလှုံမိလေမ လား .... နောက်တစ်ခေါက် .. ပြန်မဆုံခင်မှာ ပေါ့ ....။

နာမည် ကြီး စာရေး ဆရာတွေ ရဲ့ မော်ဒန်ကလပ်စစ် (Modern Classics)ဝတ္ထုကြီးတွေ မှာ ဇာတ်ကို ဇာတ်ပိုင်းဆိုင်ရာ အထွတ်အထိပ်မှာ သိမ်းရတာ မဟုတ်လား။ စစ်နှင့် ငြိမ်းချမ်းရေး ၊ လေ ရူးသုန်သုန်၊ ပင်လယ်ပြာနှင့် အိုတံငါ၊ မြေပဒေသာ (Good Earth)တို့မှာ ဇာတ်အထွတ်အထိပ် (Climax)မှာ သိမ်းကြတာ များ ပါတယ်။ ဆရာမောင်ထင် တစ်ခါတုန်းက အန်တီဦးရဲ့ တို့တိုင်းဌာနီ ကို ဒီလိုပဲ ပြောသွားဖူးပါတယ်။ မြင်းများ ဇက်သပ်သလို ဇက်သပ်ကာ ဥပမာနဲ့ ရေး ခဲ့တာပါ။ အဲဒီ ဇာတ်သိမ်းကို ကြိုက်တယ်ပေါ့။

**ခင်ဆွေဦး**

**၂.၈.၂၀၀၅**

*

# အခန်း (၁)

ကောင်းသစ်စံ

အောင်မင်္ဂလာဂိတ်မှ ရန်ကုန် -မြိတ် ကောင်းသစ်စံ ကားစထွက်တော့ ညနေ (၅)နာရီ ထိုးပြီ။ ကျွန်တော့် ထိုင်ခုံနံပါတ်က (၁၂) ဆိုတော့ သိပ်လည်းရှေ့မကျ။ သိပ်လည်း နောက်မ ရောက် ... အတော် ပါပဲ။ ပြတင်းပေါက်ဘက်က နေရာရတာ မို့ လေကောင်းလေသန့်ရတာ ရယ်၊ ငိုက်မျဉ်းမယ်ဆိုရင်လည်း နေရာပိုရတာ ရယ်ကြောင့် ကျွန်တော့်အတွက် အဆင်ပြေလှသည်။ ဟိုင်း ဇေးကားတွေ က အဲယားကွန်းဆိုပေမယ့် တကယ်တမ်းကျတော့ မည် သူမျှ အဲယားမကွန်းနိုင်တော့။ သည်တော့ ပြတင်းပေါက်လေကိုသာ အားထားရတော့၏ ။

ကျွန်တော် က ခရီးသွားရင်း တီဗွီကြည့်တာ ဝါသနာမပါလှပါ။ ပြသသည့် ကားတွေ ကလည်း မြန်မာကား ခပ်ညံ့ညံ့၊ နိုင်ငံခြားကားဆိုလည်း အက်ရှင်ကားခပ်မှုန်မှုန်တွေ သာ ပြသလေ့ရှိတာမို့၊ စိတ်မဝင်စားတာလည်းပါသည်။ ကက်ဆက်မှ သီချင်းကောင်းကောင်းဖွင့်ပေးလျှင်တော့ ခေါင်းကို နောက်မှီပေါ်တင်၊ မျက်တောင်များ ကို မှေးစင်း၍ ဇိမ်ကျကျနားထောင်ချင်လှ၏ ။

ကားစထွက်တော့ ဗဒင်ရဲ့ “တို့ကတော့ .. .တို့ကတော့”နှင့် ခရီးစတင်ခဲ့သည်။ ကွယ်လွန် သွားပြီ ဖြစ်သည့် အဆိုတော် ဗဒင်၏ သီချင်းတွေ ကျွန်တော် တော် တော် ကြိုက်သည်။ နောက်ထပ် ထွက်သည့် ဗဒင်အမှတ်တရ စုပေါင်းစပ်ပေါင်းဆိုထားသည့် အခွေကိုတော့ မကြိုက်။ ယခု ဗဒင်ရဲ့ အော်ရီဂျင်နယ်အခွေဖွင့်သည်ဆိုတော့ ကျွန်တော် သိုးမည် းဟောင်းကြီးတွေ နဲ့ မိတ်ဆွေဖွဲ့လိုက်ဦး မည် ။

“ဒီမှာ ... ဒီမှာ ...... အစ်ကို ... အဲဒီ ထောင့်မှာ ကျွန်မခြင်းကလေး ထားချင်လို့ပါ ရမလား ဟင်”

မျက်လုံးစုံမှိတ်၍ နားအာရုံခံမည် ကြံဆဲ .. အနီးကပ်ခေါ်လိုက်သံကြောင့် အနှောက်အယှက် အတော် ဖြစ်သွားသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက်။ ကျွတ် .. စိတ်ပျက် ဖို့ကောင်းလိုက်တာ။ ကျွန်တော် က ကိုယ့်အာရုံနှင့်ကိုယ်မို့ နံဘေးထိုင်ခုံမှာ အမျိုးသမီးတစ်ယောက် ဆိုတာ သတိမထားမိသေးပဲကိုး။

"ဟင် … အစ်ကို၊ တစ်ဆိတ်လောက် ကျေးဇူးပြုပြီး …."

ခက်လှပါလား။ ကျွန်တော့်ဘက်က ထောင့်နေရာမှာ သူ့ဆွဲခြင်းကို ပေးထားလိုက်၍ သူ့ဆန္ဒ ကို လိုက်လျောလိုက်လျှင် ကျွန်တော့်ခြေထောက်အထားအသို အဆင်မပြေ ဖြစ်သွားတော့မည် ။ ဟိုင်းဝေးခရီးဆိုသည်က အချိန်တိုတိုနှင့် ရောက်သည်မဟုတ်။ ဝေးလံခြင်းနှင့် ကြာရှည်လေးမြင့်မှု တွေ ကြားမှာ ကိုယ့်ကိုယ်ကိုယ သက်သော င့်သက်သာရှိစေဖို့အရေး ကြီးသည်။

"ကျွန်မမှာ ပစ္စည်းတွေ များ နေလို့ပါ အစ်ကိုရယ်"

ကျွန်တော် ရဲ့ ငြင်းပယ်လိုသည့်ဆန္ဒကို "အစ်ကိုရယ် ….''ဆိုသည့် အဖျားဆွတ် ဆွဲဆွဲငင် ငင် အသံကလေးက ခြေဖျက်လိုက်လေသည်။ သူမအသံက ရန်ကုန်သံလည်းမဟုတ်။ မော်လမြိုင် သံလည်းမဟုတ်၊ ထားဝယ် မြိတ်ဘက်ကလူတွေ တော် ရုံခင်မင်မှုနှင့် ယောကျ်ားတစ်ယောက်ကို အစ်ကိုခေါ်သည် မဟုတ်။ ကျောင်းတုန်းက ထားဝယ်သူ၊ မြိတ်သူတွေ နှင့် ရင်းရင်းနှီးနှီးပေါင်းသင်း ဖူး၍ သိနေသည်။ မော်လမြိုင်သူတွေ ကတော့ အနည်းအပါးခင်မင်မှုနှင့် အစ်ကိုခေါ်လေ့ရှိသော် လည်း လေယူလေသိမ်းက မော်လမြိုင်သံမဟုတ်ပြန်ပါ။

သူမ၏ အသံကို သရုပ်ခွဲနေစဉ်မှာ ပင် ကျွန်တော် သည် အရည်ရွှန်းလဲ့သော မျက်ဝန်းအစုံ၏ ညှို့ယူမှုကို ခံရလေသည်။ သူမမျက်ဝန်းတွေ က

အရည်ရွှန်းလဲ့သော်လည်း မျက်ဝန်းနက်နက်များ မဟုတ်ပါပေ။ အညိုရောင် ညိုရီရီ မျက်ဝန်းများ ကို မျက်တောင်ရှည်ကြီးများ က ခြံရံထားသည်။ ထို မျက်တောင်ရှည်ကြီးများ မှာ ရှည်သော်လည်း ကော့ရော့မနေပါ။ ရှည်လျားစွာ စင်းကျနေပုံက ဆွဲ ဆောင်အား တစ်မျိုးထုတ်လွှတ်နေသလို ထင်ရ၏ ။

ထိုညိုရီရီမျက်ဝန်းများ က ကျွန်တော့်ကို တောင်းပန်တိုးလျှိုးဟန်ထင်ရကာ ကျွန်တော့်ရဲ့ ငြင်းပယ်လိုမှုကို ဖြိုဖျက်လိုက်လေသည်။ ကျွန်တော့်ခြေထောက်ကလည်း အလိုလို ဖယ်ပေးပြီး သား ဖြစ်သွား၏ ။ သူမသည် မည် သည့်ပစ္စည်းတွေ ထည့်သိုထားမှန်းမသိ၊ မို့မောက်နေသော ဆွဲခြင်း ကြီးကို ကျွန်တော့်ဘက်မှာ နေရာချကာ နှုတ်မှလည်း ..........

“ကျေးဇူးပါပဲ အစ်ကိုရယ် ... ခြင်းထဲမှာ အဝတ်တွေ ဆိုတော့ အားမနာပါနဲ့ပ။ အစ်ကို ညောင်းတဲ့အခါ ခြေထောက်တင်ပါ”

သူမက ညောင်းတဲ့အခါ ခြေထောက်တင်ပါ ... ဆိုသော်လည်း ကျွန်တော့်ခြေထောက်က ယခုပင် ထားစရာမရှိ ဖြစ်နေ၍ ဆွဲခြင်းပေါ် တင်လိုက်ရ၏ ။ တွဲ လောင်းချထားသည်နှင့် ခြင်းပေါ်တင် ထားရသည်က ပို၍ သက်သော င့်သက်သာရှိလှပါလား။ ဒါဆိုလျှင် ကျွန်တော် ကပဲ သူမကို ကျေးဇူး တင်ရဦးတော့မည် လိုလို။

ကျွန်တော် ကျေနပ်စွာ သူမကို ပြုံးပြလိုက်မိသည် ထင်ပါရဲ့။ သူမကလည်း ကျွန်တော် ကို ပြုံးပြနေသည်။ သူမအပြုံးက နှစ် လိုဖွယ်ကောင်းပါဘိ။ သူမရဲ့အသားက သိပ်မဖြူလှပါ။ အညို ဘက်တော် တော် လှသည်။ ညိုပေမယ့် စိုစိုဝင်းဝင်း ကြည့်ပျော်ရှုပျော်ရှိလှသည်။ အရပ် မနိမ့်မမြင့် ၊ နှာတံထင်းထင်း၊ မျက်လုံးရီရီ၊ နှုတ်ခမ်းက နေဟန်ထင်ရသော ဆံပင်များ ကို ခပ်မြင့်မြင့်စုစည်းထား သဖြင့် နဖူးပြေပြေသည် ပြောင်ရှင်းနေသည်။ သူမရယ်ပြုံးလိုက်လျှင် ညာဘက်ထောင့်မှ ပေါ်လာ သော သွားစွယ်ကလေးကြောင့်လေး အပြုံးသည် နှစ်

လိုဖွယ်ကောင်းဟန်တူသည်။

“အစ်ကိုက ထားဝယ်တင်လား .... မြိတ်အထိသွားမှာ လား”

လာပြီ စပ်စပ်စုစု။ အမျိုးသမီးတွေ များ သူများ ကိစ္စ ကိုယ့်ကိစ္စလုပ်တတ်ကြတာ ကျွန်တော် နည်းနည်း မှ မနှစ် မြို့၊ ကျွန်တော် ဘယ်သွားသွား ... သူ့အပူလား။ မိတ်ဖြေစ်ဆွေ ဖြစ် ဝင်လုံးပြီး ဇာတ်လမ်းထွင်တတ်သည့် သာဓကတွေ ကြားဖူးထားလို့ ကျွန်တော် သူမအမေးကို ဖြေရန် နှုတ် တွန့်နေမိသည်။

“ကျွန်မက မြိတ်အထိ သွားမှာ မို့ပါ။ အစ်ကိုလည်း မြိတ်သွားမှာ ဆိုရင် အဖော်ရအောင်လို့ မေးတာပါ”

ကျွန်တော့်အတွင်း း သဘောကို ရိပ်မိသွားသည်ထင့် ... သူမဘာသာ ဖြေပြောကလေး ပြော ပြန်တော့ ကျွန်တော့်မှာ အားနာသွားရပြန်သည်။

“ကိုယ်က ထားဝယ်အထိပါပဲ”

ကျွန်တော် ဂတ်ကျေတန်းကျေဖြေတယ်ဆိုရုံ ခပ်ပြတ်ပြတ်ကလေး ဖြေပြီး ကျောမှီပေါ် ခေါင်းတင်လို့ မျက်စိကို မှိတ်ထားလိုက်သည်။ ဗဒင်သီချင်းလည်း ဘယ်နားရောက်သွားသည်မသိ။

ဟော .... “လမ်းကြားမှာ အလစ်သုတ်ပြီး ခိုးနမ်းတုန်းကပေါ့” တဲ့။

ဒီသီချင်းကလေးကို နားထောင်မိတိုင်း ကျွန်တော် ပြုံးမိသည်။ တီးလုံးကလည်း ပေါ့ပါးမြူး ရွှင်သည့် တီးလုံး။ ဒီသီချင်းသံကြားလျှင် အလိုလို ပျော်ရွှင်လာမိသည်။ ကျွန်တော့်မှာ လည်း လမ်း ကြားမှာ အလစ်သုတ်ပြီး ခိုးနမ်းရမည့် ချစ်သူတစ်ယောက်ရှိလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ အခုလို ညို့ရီရီမျက်ဝန်းအစုံနှင့် ကောင်မလေးတစ်ယောက်လောက်ပေါ့။

အခုနေ ကောင်မလေး ဘယ်လိုနေမှာ ပါလိမ့်။

ကျွန်တော် ဖျက်ခနဲ မျက်လုံးဖွင့်ကြည့်တော့ သူမလည်း နောက်မှီပေါ် ခေါင်းတင်ကာ မျက် လုံးကလေးတွေ မှိတ်လို့။ သူမကလည်း ကျွန်တော့်လို လမ်းကြားမှာ အလစ်သုတ်ပြီး ခိုးနမ်းမည့် ချစ်သူတစ်ဦးကို စိတ်ကူးမျှော်လင့်နေပြီလား။ ကျွန်တော် သူမရဲ့ ပါးပြင်မွတ်မွတ်ကလေးကို မရဲတ ရဲ လှမ်းကြည့်တော့ မွေးညင်းနုနုကလေးတွေ ကို မြင်ရသည်။ ပါးပြင်မှာ တင်မဟုတ် ... သူမရဲ့ လက်ဖျံ ... လက်ကောက်ဝတ်များ တွင် လည်း မွေးညင်းနုများ ကို မြင်ရပြန်သည်။

ဟောဗျာ... သူမရဲ့ ညာလက်မှာ ပုတီးကုံးသေးသေးလေးပါလား။ ဒါဆို ... ဒါဆို .. သူမ မျက်စိမှိတ်ပြီး ပုတီးစိပ်နေတာပေါ့။ သီချင်းသံ ဆူဆူညံညံကြားထဲ ပုတီးစိပ်လို့ရသလား။ ကျွန်တော် ဦးနှောက်နည်းနည်း စားသွားသည်။ ဘာသာရေး ကောင်းမှု လုပ်နေသူကိုတော့ ကျွန် တော် ပြစ်မှာ းနေမိပြီ။ သည်လိုဆို ဘယ်ကောင်းပါ့မလဲ။ ကိုယ့်ဘာသာကိုယ် မျက်စိမှိတ်ပြီး သီချင်း နားထောင်နေတာကမှ တော် ဦးမည် ။ ကျွန်တော် မျက်စိမှိတ်တော့ သီချင်းသံက ရုတ်တရက် ရပ် တန့်သွားသည်။ ဘယ်လို ဖြစ်တာပါလိမ့် ..... သတိထားလိုက်တော့ ကျွန်တော် တို့ ထိုင်ခုံရဲ့အရှေ့ မှာ အုပ်စုတစ်စု၊ အမျိုးသမီးအုပ်စုကြီး လေးငါးယောက်အဖွဲ့ ဖြစ်ဟန်တူသည်။

သူတို့ ကမ်းရိုးတန်းလေသံနှင့် ပြောနေကြ၍ မြိတ်ဘက်က ဖြစ်မည် ဟု ကျွန်တော် တွေး နေ သည်။ သူတို့ စကားအားလုံး ကျွန်တော် နားမလည်ပေမယ့် အချို့အဂက်ကိုတော့ နားလည်နိုင် သည်။ သူတို့သည် အတော် ကလေး စကားပြောနိုင်သော အုပ်စု ဖြစ်သည်။ အကြောင်းအရာက လည်း စုံသည်။ တစ်ယောက်တစ်ပေါက် .... ပြောမဆုံးပေါင် တောသုံးတောင် ... သူတို့ ပြောသမျှ သူတို့ရယ်လို့ပင် မလောက်။ ဘုရားဖူး ပြန်လာကြဟန်တူပြီး သွားခဲ့ရသည့် အတွေ့ အကြုံကို စားမြုံ့ပြန်နေကြခြင်း ဖြစ်သည်။

ဟော ... အခုတော့ အဲသည်အုပ်စုက ဗဒင်သီချင်းမကြိုက်ပါတဲ့။ ...

ဇော်ပိုင် ဖွင့်ပါတဲ့။ တစ် ယောက်က ဖြိုးကြီးတဲ့၊ အလဲ ... ခေတ်မီလှပါလား။ သူတို့ အသက်အရွယ်တွေ က သုံးဆယ်ကျော် ငါးနှစ် ပတ်လည်အရွယ်တွေ ၊ ကားဆရာတို့ ဒရိုင်ဘာတို့နှင့်လည်း တစ်မှုပဟုတ်ချင်း အဖွဲ့ကျသွား သည်မှာ အံ့ဖွယ်ကောင်းလှ၏ ။

ဇော်ပိုင်ရဲ့ "မြို့အဝင်ည"သည် အရှိန်နှင့်ပြေးနေသော ကားထဲ တလွင့်လွင့်ပျံ့လာသည်။ ကျွန်တော် က ဇော်ပိုင်ခရေဇီမဟုတ်သဖြင့် စိတ်က သီချင်းထဲမနေ။ ဟိုသည် ပြေးလွှားနေတော့၏ ။ အလေးဆုံးအရာက မျက်ခွံ ဖြစ်ပြီး အပေ့ါဆုံးအရာက စိတ်ဟု ဆိုထားပေရာ မျက်ခွံလေးလံလာ သည်နှင့် စိတ်ရွှတ်လွင့်မှုသည် တစ်ချိန်တည်း တစ်သားတည်း ကျသွားသော အခါ ကျွန်တော့် အတွက် ကာလရထားသည့် နောက်ပြန်သွားနေတော့သည်။

ကျွန်တော် ........ဆင်ခြေဖုံးရပ်ကွက်ကလေးထဲက ပေနှစ် ဆယ်ပေလေးဆယ် အိမ်ခန်း ကလေးထဲ ပြန်ရောက်သွားသည်။ ယောက်ဖက စက်ဘီး ပြင်ဆိုင်ဖွင့်၊ အစ်မက အိမ်ဆိုင်ကလေး ရောင်း .... ခြစ်ခြစ်ကုတ်ကုတ်နှင့် ကျွန်တော့်ကို အေဂးသင့်ဖြင့် ဘွဲ့တစ်ခုခုရအောင် ထားပေးနေရ သဖြင့် အိမ်မှာ ပြောင်ပြောင်ရောင်ရောင် ပစ္စည်းဆို၍ ဘာမှမရှိ။ အဖေအမေ ငယ်စဉ်ကတည်းက ကွယ်လွန်သွားသဖြင့် အစ်မတွေ လက်မှာ ကျွန်တော် ကြီးခဲ့ရသည်။ အစ်မကြီး ယောက်ျားယူတော့ ယောက်ဖအကြီးက သောက်သောက်စားစား လူမင်းသား။ ကန်ထရိုက်တိုက်ဆောက်ရာတွင် အလုပ်သမားခေါင်းဆိုတော့ ငွေရကောင်းသည်။ အိမ်ထောင်ကျတော့ မိန်းမဘက်က ပါလာသည့် မောင်ကို မလိုလားသည့်သူ။ အစ်မကြီးအိမ်မှာ သုံးလေးလလိုက်နေပြီး မ ဖြစ်တော့သည့် အခြေအ နေမှာ ကျွန်တော် သက်န်းကျွန်းအိမ်သို့ ပြန်လာတော့သည်။

အစ်မငယ်က နဂိုကတည်းက အိမ်မှာ အပ်ချုပ်စက်တစ်ဖက်နှင့် အိမ်ဆိုင်ကလေးဖွင့်ထား သည်။ မောင်နှမနှစ် ယောက်တည်း မရှိမရား နေ၊ နေရာက အစ်မငယ် အိမ်ထောင်ပြု ဖြစ်ပြန်သည်။ ထိုနှစ် က ကျွန်တော် ဆယ်တန်းဖြေသည့်နှစ် ။ အစ်မငယ်ယူသည့် ယောက်ျားကတော့ စိတ်နေ

သဘောထားမဆိုးလှ။ အသောက်အစားကင်းကင်း အတွေးအခေါ်ရှိရှိလူမို့ မိန်းမဘက်က ပါလာ သည့်မောင် ကျွန်တော့်ကို ပညာဆုံးအောင်ထားမည့်ကတိနှင့် အစ်မငယ်ကို ယူသည်။

သူ့ကတိအတိုင်း ကျွန်တော် ဆယ်တန်းအောင်တော့ အေဂျီးသင်ဖြေစေသည်။ ကျွန်တော် ကလည်း အအားမနေ ... မင်္ဂလာဈေးက ကုန်ခြောက်ဆိုင်တစ်ဆိုင်မှာ တောက်တိုမယ်ရ အကုန် လုပ်ရသည့် အလုပ်ကို ဝင်လုပ်သည်။ ကုန်ထမ်းအလုပ်သမားလားပင်မသိ။ လုပ်ရသည်မှာ တော့ စုံ တကာစေ့နေသည်။

ပစ္စည်းသွားတင်ပါဦးဆိုလည်း ကျွန်တော်၊ ကားပေါ်မှ ထမ်းပိုးချလည်း ကျွန်တော်။ ဆိုင်မှာ ဝယ်သူခေါ်လည်းကျွန်တော်။ ပေးတော့ ပုံသေလစာတစ်သော င်း။ ထိုဆိုင်မှာ သုံးနှစ် သုံးမိုး အတော် သည်းခံလုပ်လိုက်ရသည်။

ယခု ကျွန်တော့်ပညာရေး ကိစ္စလည်း ပြီးပြီ။ မင်္ဂလာဈေးကိုလည်း ငြီးငွေ့သွားပြီ။ အခြား ဆိုင်တွေ က လာခေါ်လည်း လုပ်လိုစိတ်မရှိတော့။

ကျွန်တော် စိတ်လေနေမှာ စိုးလို့ ကျွန်တော့်ယောက်ဖ အစ်ကိုအေးက ညဘက် စာအုပ် အငှားဆိုင်ကလေး ဖွင့်ပေးသေး၏။ စောစောပိုင်းက ဟန်မလိုလိုနှင့် နောက်တော့ ရပ်ကွက်ထုံးစံ သစ္စာမရှိ ကတိမတည်တာတွေ ဖြစ်လာသည်။ ငှားပြီးစာအုပ် ပြန်မအပ်ဘဲ ဖျောက်တာ။ ပြန်အပ် လျှင်လည်း စုတ်ပြဲလာတာ။ ငြင်းခုံရ၊ ရန် ဖြစ်ရနှင့် ခပ်အေးအေး ကျွန်တော့်စရိုက်နှင့် မကိုက်ပြန်ပါ။ ကြာတော့ အရင်းထဲက လုံးပါးပါးရင်း ဆိုင်ပြုတ်လေတော့၏။

သည်တစ်ခါတော့ ကျွန်တော့်ရှေ့ရေး ကို ကျွန်တော့်ဘာသာ ဆုံးဖြတ် ဖြစ်တော့သည်။ ကျွန် တော့်စိတ်ကူးကို အစ်မငယ်ကို ပြောပြတော့ ..

"မ ဖြစ်ပါဘူး မိုးတိမ်ရယ်၊ အဲဒီ ပင်လယ်ရွာမှာ ဘာအလုပ်ရှိမှာ မို့လဲ"

"တစ်ခုခုပေါ့အစ်မငယ်ရာ .. ကျွန်တော် ဒီလိုချည်း မနေချင်တော့ဘူး"

“အဲဒီ ပင်လယ်ရှာတွေ ဆိုတာက တံငါအလုပ်အပြင် ဘာရှိမှာ လဲ။ တံငါအလုပ်ဆိုတာက ခွန် အားကို သုံးရတာ မျိုး၊ အရမ်းပင်ပန်းဆင်းရဲတာ။ နင်နဲ့ ဘယ်နည်းနဲ့မှ မ ဖြစ်ပါဘူး”

“တံငါ အလုပ်မဟုတ်လည်း တခြားအရောင်းအဝယ်တစ်ခုခုပေါ့။ ဟိုမှာ … နိုင်အေး တစ် ယောက်လုံး ရှိနေသားပဲ”

“နင်ဟာလေ အတွေးအခေါ် အတော် နည်းတာပဲ။ အရောင်းအဝယ်လုပ်တယ်ဆိုတာ အရင်အနှီးရှိမှ ဖြစ်မှာ ဟဲ့။နင့်သူငယ်ချင်း နိုင်အေးဆိုတာက ဘာလဲ ….. ထောင်ကဲလား ၊ မီလျံနာ လား၊ သူက နင့်ကို အလုပ်ရှာပေးမှာ လား”

“ဘာလဲတော့ မသိဘူး။ ကျွန်တော် စာရေး လိုက်တော့ လာသာလာခဲ့ပါတဲ့။ သူတို့ဆီမှာ အလုပ်မရှားပါဘူးလို့ စာပြန်ထားတယ်”

အဲသည်ညက အစ်မငယ်နှင့် ဆွေးနွေးရာမှာ ပွဲကမပြတ်ပေ။ အစ်ကိုအေးပြန်လာတော့ အစ်ကိုအေးက ပွဲကို တိုတိုနှင့် ဖြတ်ချလိုက်သည်။

“မိုးတိမ်ကလေးမဟုတ်တော့ဘူး။ အသက်နှစ် ဆယ်ကျော်နေပြီ။ ပညာလည်း စုံပြီ။ ပြီးတော့ ယောကျာ်းကလေး။ စွန့်စားမှုကို လိုလားမှာ ပဲ။ စွန့်စားမှုကို ကြောက်သူဟာ ဘဝရဲ့ ဝါးမြို့မှုကို ခံရ တတ်တယ်။ အချိန်အရွယ်ရှိခိုက်၊ အားထုတ်ကြိုးပမ်းချင်စိတ်ရှိခိုက် ကြိုးစားကြည့်စမ်းပါစေ။ အောင်မြင်တော့ အမြတ်၊ မအောင်မြင်တော့ အတွေ့ အကြုံရတာ အရင်းပေါ့ကွာ။ မိုးတိမ်ဆန္ဒရှိတဲ့ အတိုင်း သွားပါစေ”

အစ်ကိုအေးစကားက လျော်ကန်သင့်မြတ်နေလို့ အစ်မငယ်က ဘာမှ ဆက်မပြောတော့ပါ။ တကယ်တမ်းသွားမည် ဆိုတော့ ကျွန်တော့်မှာ တော် ရုံနှင့် အိမ်ကမထွက်နိုင်။ ကျွန်တော့်မှာ ကြီးမား သော တွယ်တာနှောင်ဖွဲ့မှုက ရှိနေသည်။ ထိုအရာမှာ အစ်ကိုအေးလည်းမဟုတ်၊ အစ်မငယ်လည်း မဟုတ်၊ အစ်မကြီး

မိသားစုကိုတော့ ပေးရော။ ကျွန်တော် တွယ်တာသည်မှာ အစ်ကိုအေးနှင့် အစ်မ ငယ်တို့မှ မွေးသည့် တူမလေး မကြေးမုံ ဖြစ်သည်။ မကြေးမုံကလေးက စကားတွက်တီးတွက်တာ ပြောတတ်စအရွယ်။ မွေးကတည်းက ကျွန်တော် ပင် ချေးသေးကြုံး။ ပုခက်လွှဲ ချော့သိပ်နှင့် သူ့အမေတာဝန်တွေ မျှော်ဝယူခဲ့ရရာ မကြေးမုံလေးသည် သူ့အဖေထက်ပင် ကျွန်တော့်ကို ပိုခင် သေး၏ ။

“လေးလေးမိုး မီးလေးကို ချီ”

“လေးလေးမိုး .. မီးလေးဖို့ မုန့်ဝယ်ခဲ့”

“ရာဇူးက မမဆိုပါဦး”

“မိုးရေချိုးမယ်ဆိုမှ အိပ်မယ်”

မကြေးမုံလေးရဲ့ တီတာခွန်းတွဲ့ စကားပြောဟန်ကလေးက ကျွန်တော့်နှလုံးဘဝင်မှာ စွဲငြိ လှ၏ ။

သို့ သော်လည်း ကျွန်တော် သည်နေရာကို စွန့်ကိုစွန့်ခွာမှ ဖြစ်တော့မည် ။ တစ်ကိုအေးရဲ့ စက်ဘီးအပိုပစ္စည်းအရောင်းဆိုင်လေးနှင့်တွဲ လျက် စက်ဘီးပြင်ဆိုင်ကလေး၏ ဘက်ဂျက်ဝင်ငွေ အခြေအနေကို ကျွန်တော် အသိဆုံး။ အစ်မငယ်၏ အိမ်ဆိုင်ကလေးမှာ ပစ္စည်းတွေ ခန်းခြောက် လာတာ။ နဂိုရှိရင်းစွဲ အိမ်ခေါင်မိုးသွပ်တွေ ပေါက်ပြဲနေလို့ ဖက်နှင့်ပင် ပြန်မမိုးနိုင်သေးသည့်အခြေ အနေ။ သည်ကြားထဲက အစ်မငယ်မှာ လူဦးရေတိုးရိပ် ဖြစ်နေတော့ ကျွန်တော် သည် သည်နေရာ ကလေးမှ စွန့်ခွာမှ ဖြစ်တော့မည် ။

သည်လိုအခြေအနေမျိုးမှာ လူပိုတစ်ယောက်အနေနဲ့ ထိုင်မစားကပ်မစားသင့်ဆိုသည့်ကိစ္စ မှာ ဘယ်သူ့ကိုပဲ ချုပြချုပြ ... သည်အဖြေသာ ထွက်မည် မှာ မုချဧကန် ဖြစ်သည်။

နှုတ်ဆတ်ပါတယ် .. သက်နန်းကျွန်းအိမ်ကလေးရယ်၊

ချစ်ခင်ဖွယ်ကောင်းတဲ့မိသားစုကလေး ရယ်၊ ပါးဖောင်းဖောင်းအိအိကလေးနဲ့ စကားတီပြောတတ်တဲ့ တူမလေး မကြေးမုံရယ် သံယောဇဉ် အနှောင်အဖွဲ့တွေ ကို ထားခဲ့ပြီး ......

"အစ်ကို အစ်ကို ထတော့ ပဲခူးရောက်ပြီ ။ ထမင်းလေးဘာလေးဆင်းစားရအောင်"

ဟူး ....ကျွန်တော် အိပ်ပျော်သွားတာလား။ အတွေ းလွန်သွားတာလား။ ကောင်မလေးနှိုးမှ မျက်လုံးဖွင့်ကြည့်တော့ ... ဆင်ကြီး စားသောက်ဆိုင်တဲ့။ ဆင်ရုပ်ကြီးရှေ့မှ ကားရပ်ထားပြီး ကား ထဲမှ လူတွေ ဆင်းနေတာ ကုန်ပြီပါလား။ ကောင်မလေးတောင် အရှေ့က ဆင်းချသွားပြီ။

ကျွန်တော် ယောင်တိယောင်ကန်း ထရပ်တော့ ခြေထောက်က တစ်စုံတစ်ရာကို နင်းမိ သည်။ ကုန်းကောက်ကြည့်တော့ သော့ တွဲ ကလေး ဖြစ်နေသည်။ သော့ တွဲ ကလေးက ဇီးကွက်ရုပ် အမွှေးဖွားကလေးနှင့် ချစ်စရာကလေး။ ကောင်မလေးပစ္စည်း ဖြစ်မည် ထင်သည်။

ကားအောက်ရောက်တော့ ဟိုသည်တောင်မြောက်လေးပါး ကြည့်တော့ ဘယ်မှာ မှ မမြင်။ ကျွန်တော် လည်း ရေစင်ဘက်ထွက် မျက်နှာသစ်လိုက်ပြီး အတော် လန်းဆန်းသွားသည်။ ကိုယ် လက်သန့်စင်ပြီး စားသောက်ဆိုင်ထဲဝင်လာတော့ ကောင်မလေး ထမင်းပင် စားနေပြီ။ ကျွန်တော် သူ ထမင်းစားနေသည့်စားပွဲရှေ့ ရပ်လိုက်သည်နှင့် .....

"လာ ... လာအစ်ကို .. ဘာစားမလဲ။ ကျွန်မတော့ ဆာဆာနဲ့ ထမင်းမှာ စားနေပြီ။ ဒီဆိုင်မှာ ငါးရံ့အူဟင်းကောင်းကောင်းရတယ် အစ်ကိုရဲ့"

ကျွန်တော် သူမကို ဘာမှမပြောဘဲ အိတ်ထဲက ဇီးကွှဲ့ကလေးကို ထုတ်ပြလိုက်တော့ သူမ အံ့အားသင့်သွား၏ ။

"ဟင် .. အဲဒါ ကျွန်မသော့ တွဲ လေး။ အစ်ကို

ဘယ်ကကောက်ရလာတာလဲ။ ကျသွားမှန်း တောင်မသိဘူး။ ကျွန်မလေ ဒီလိုပဲ နမော်နမဲ့သိပ်နိုင်တာ။ အစ်ကိုများ မကောက်ရရှိ ကျွန်မ ဒုက္ခ ရောက်ဦးမယ်။ ကျေးဇူးပဲ အစ်ကိုရာ .... ဘာစားမလဲ မှာ လဲ”

“ဘာမှ မစားတော့ပါဘူး။ ကော်ဖီမစ်ပလိန်းလောက်ဆိုရင် ရပါပြီ။ မိုးချုပ်ချုပ်ကြီး ထမင်းတွေ ဘာတွေ မစားချင်လို့”

“ဟုတ်တယ် ... အစ်ကိုရ .. ညဦးပိုင်း ထမင်းမစားဘဲ တစ်ခုခုသောက်ပြီး အိပ်လိုက်တာ အကောင်းဆုံး၊ ကျွန်မက အဆာမခံနိုင်ဘူး။ ခရီးသွားတော့ ပိုဆိုးတာပေါ့”

“ကိုယ် စီးကရက်တစ်လိပ်လောက်သောက်မယ် ... ဖြစ်မလား”

“အို ... ဘာလို့ မ ဖြစ်ရမှာ လဲ ။ ဖြစ်ပါတယ်။ သောက်ပါ .... ကျွန်မ ဒီလောက်တော့ နားလည်မှုရှိပါတယ်”

သူမက ထမင်းကို ဇွန်းခက်ရင်းနှင့် အိန္ဒြေရရစားနေသည်။ သူမကို ကြည့်ရသည်မှာ ဤခရီး ကို အခေါက်ခေါက်ဖြတ်သန်းခဲ့ဖူးသည့်ပုံ။ သူမ မြိတ် - ရန်ကုန် ကုန်ကူးသည့်အလုပ်ကို လုပ်တာ များ လား။ ကျွန်တော် က မင်္ဂလာဈေးမှာ လုပ်ဖူး၍ မြိတ်ဘက်က ပစ္စည်းတွေ ဒီလောက်ကြီးဟုတ် ဟုတ်ပြားပြားမဝင်တော့တာ သိနေသည်။

ဟိုးတုန်းက ယိုးဒယားပစ္စည်း၊ ယိုးဒယားပါတိတ် ထိုလမ်းကြောင်းခေတ်ကောင်းခဲ့စဉ်က ဒီလို အရွယ်ကောင်းကလေးတွေ ကူးချည်သန်းချည်ကိစ္စတွေ ကြားဖူးသည်။

“အစ်ကို မပေးနဲ့တော့။ ကျွန်မပေါင်းရှင်းလိုက်မယ်။ သော့ တွဲ လေး ကောက်ရတဲ့ အထိမ်း အမှတ် ကျွန်မ ကော်ဖီမစ်တိုက်တယ်ပဲ သဘောထားပါ”

သူမက ကောင်တာသို့ သွက်သွက်လက်လက် ထသွားတော့ ကျွန်တော်

လည်း မတား ဖြစ် တော့။ အမျိုးသမီးက ကော်ဖီတိုက်သည်ဆိုတာ သိပ်တော့မကောင်း။ ကျွေးချင်ကျွေး ကျွန်တော် ပဲ ကျွေးရမှာ လေ။ ကျွန်တော့်အိပ်ကပ်ပြားချပ်ကလေးထဲက ငွေတွေ ကိုတော့ အရမ်းမသုံးရဲပေ။ ခရီးက အဝေးကြီးကျန်သေးသည်။ တကယ်တော့ သည်ည ကျွန်တော် ထမင်းမစားတာ ချွေတာရေး လည်းပါသည်။ မဆာတာလည်းပါသည်။ အစ်မငယ် လက်စွပ်မောင်းကွင်းကလေးရောင်းပေးလိုက် သည့်ငွေကို မဆင်မခြင်မသုံးစွဲလိုတာလည်းပါသည်။

ကျွန်တော့်အ ဖြစ်က နိုင်အေးနှင့်တွေ့ မှ အေးမည့်အ ဖြစ်။ သည်ကြားထဲ တစ်စုံတစ်ရာ လွဲ ချော်မှု မ ဖြစ်ပါစေနှင့် ....... ဟု ဆုတောင်းနေမိသည်။ ကားပေါ်ပြန်တက်တော့ ညရှစ်နာရီ ထိုးလု ပြီ။ ကျွန်တော် ထင်သည့်အတိုင်း အက်ရှင်ကားမှုန်ဝါးဝါးသည် တီဗွီဖန်သားပြင်ပေါ် ပေါ်လာသည်။ ရှေ့ကအုပ်စုသည်ပင် ခေတ္တခဏငြိမ်ကျသွားသည်။ လူတွေ ထမင်းဆိပ်တက်ကာ ငိုက်မျဉ်းဖို့ အား ယူနေကြသည်။

ကျွန်တော် သူမဘက်စွေစောင်းကြည့်လိုက်သည်။ သူမ ဘာတွေ များ လုပ်နေမလဲ။ စော စောကလို ပုတီးစိပ်နေမည် လား။ ဟောဗျာ .... တော် တော် တတ်နိုင်သည့် ကလေးမ။ သူမလက်ထဲ မှာ ပုတီးအစား တစ်ချောင်းထိုးသိုးမွေးအပ်က နေရာယူထားပါလား။ ကားအတွင်း းမီးရောင်အလင်း အားနည်းနေပြီး ကားသွားနေသည့် လှုပ်ခါမှုတွေ ကြား သူမမို့လို့ စိတ်ရှည်လက်ရှည် သိုးမွေးထိုးနေ နိုင်သည်။

အင်း .. သူမက စိတ်အာရုံတစ်ခုထဲ နှစ် ထားတော့ ကျွန်တော် ကလည်း ကိုယ့်အာရုံနှင့် ကိုယ် နေရုံပေါ့။ မီးရောင်အောက်တွင် ပြောင်ရှင်းနေသော မျက်နှာကလေးက ဝင်းပနေသယောင် ထင်ရ၏ ။ စောစောက ထမင်းဆင်းစားစဉ်အခါက ကျွန်တော် .. သူမရဲ့ ကိုယ်လုံးကိုယ်ပေါက်ကို အကဲခတ်မိသည်။ ကျစ်ကျစ်လစ်လစ် သွယ်သွယ်လျလျပါပဲ။

ရန်ကုန်သူတွေ က မပိန် ပိန်အောင် လုပ်ထားသဖြင့် လည်ပင်းတွေ းရှည်၊ ပခုံးရိုးကြီးတွေ ပေါ်ကာ ကျွန်တော့် မျက်စိထဲ လှတယ်လို့ပင် မထင်။ အဝတ်အစားတွေ ကလည်း ကျပ်ညှပ်စေး ထုပ်နေတာမျိုးတွေ ဝတ်စားလေ့ရှိရာ မြင်မြင်သမျှ မျက်စိထဲ ရိုင်းရိုင်းစူးစူးကြီး ဖြစ်နေသည်။

ပြီးတော့ အခုတလော ဆံပင်ပုံစံတွေ ကလည်း တစ်မျိုးကြီး ဖြစ်နေသည်။ ကိုးရီးယားကား တွေ ထဲက ပုံစံမျိုးတွေ ထင်ပါရဲ့။ ကောက်ကောက်ဖွာဖွာတွေ ၊ ဖြောင့်ဖြောင့်စင်းစင်း ဖြစ်အောင် လုပ်ကြ။ ကျွန်တော် တို့ သင်္ကန်းကျွန်းအိမ်ရှေ့မှ ဗြူတီပါလာတစ်ခုရှိရာ ထိုနေရာသို့ လာလေ့ရှိ သော အမျိုးသမီးတွေ လာတုန်းက ပုံစံတစ်မျိုး၊ ပြန်သွားတော့ ပုံစံတစ်မျိုး၊ ဟိုတုန်းက ဆံပင်တွေ ကောက်ကြ၊ ဖြတ်လျှင်လည်း ညီညီညာညာ တိတိရိရိ ဖြတ်ကြ။ ဟော .. အခုတော့ ဖြောင့်စက်နှင့် ဖြောင့်သည်တဲ့။ မညီမညာ ကပိုကရို ဖြစ်အောင်ညှပ်သတဲ့။

အရောင်တွေ လည်း ... အနီတဲ့ ... အဝါတဲ့ ... နီညိုတဲ့ ၊ မဟော်ဂနီတဲ့ ။ အရောင်မျိုးစုံ ပြောင်း ပြောင်းပြီး ဆိုးကြသည်မှာ တော့ ကောင်မလေးတွေ တင်မဟုတ်။ ကောင်လေးတွေ မှာ ပါ ခေတ်စား လာသည်။ ပိုက်ဆံများများ ရှိသူတွေ ကတော့ ဆေးကောင်းတွေ သုံးကြ။ ပိုက်ဆံနည်းနည်း ရှိသူ တွေ က တစ်ပွဲတိုး တစ်ခါသုံးတွေ ဝယ်သုံးကြ။

ထိုအထဲ ဆေးမဆိုး၊ ဆံပင်ပုံဆန်းမညှပ်သော ကျွန်တော့်ကို မင်္ဂလာဈေးက ကောင်မလေး တွေ က .... “ကိုမိုးတိမ်က တကယ့်အန်းတစ်ခ်”ဟု ရယ်ပွဲဖွဲ့ကြသည်။

ကျွန်တော် ခေတ်နှင့် ရင်ဘောင်မတန်းတာ ငွေကြောင့်လည်း ပါသည်။ ကျွန်တော် ဘယ် တော့မှ ဗြူတီဆလွန်းတွေ မှာ ဆံပင်မညှပ်။ လမ်းထိပ်က ဦးလေးဦးဘတူဆိုင်နှင့်ကိစ္စပြီးသည်။ ကျွန်တော့်ခံယူချက်က လူခေတ်မီဖို့ထက် အတွေးအခေါ် မြင့်မားခေတ်မီဖို့လိုသည်ဆိုသည့် အချက်ပင်။ တေးဂီတလည်း သိပ်ဆူဆူညံညံကြီးတွေ ကျွန်တော် မကြိုက်။ အခုခေတ်ပေါ် Hip Hop ဆိုတာတွေ

ကျွန်တော် ခံစားနားမလည်နိုင်။ ဂီတမှာ ငြိမ့်ညောင်းသာယာမှု တစ်စုံတစ်ရာ လို အပ်သည်ဟု ကျွန်တော် ထင်သည်။

ယခုကောင်မလေးမှာ ရန်ကုန်က နောက်ဆုံးပေါ်စတိုင်တွေ မမြင်ရ။ ဆံပင်မဖြောင့်ထား၊ ဆေးမဆိုးထား၊ ဖိစကပ်၊ သရီးကွာတာ၊ ဘောင်းဘီတိုရှည်မဝတ်။ သူမအကျႌက ချည်စကို ကော်လံ နှင့် ခါးတင်ပုံစံ လုံလုံခြုံခြုံချုပ်ထားပုံက မယဉ်မရိုင်း၊ မရမ်းစေ့ခံ ထမီအပွင့်တွင် မရမ်းရောင်သန်း နေသော အကျႌနှင့် ယှဉ်တွဲ ဝတ်ထားသည်မှာ အဆင်ပြေလှသည်။

ကားက ဖြောင့်ဖြူးညင်သာသော လမ်းပေါ်မှာ တရိပ်ရိပ်ပြေးနေသည်။ တီဗွီဖန်သားပြင်မှာ မည် သည့် ဗီဒီယိုကားမှ မလာတော့။ ညဥ့်နက်လာသည်နှင့်အမျှ အအေးဓာတ်ပိုကဲလာသည်။ အရှေ့က မမတွေ အုပ်စု စကားသံတွေ ဆူညံလာပြန်သည်။ သည်တစ်ခါတော့ သူတို့အချင်းချင်း မဟုတ်။ ဒရိုင်ဘာနှင့် လှမ်း၍ အတိုင်အဖောက်ညီနေကြသည်။ စပယ်ယာကလည်း သူတို့ရှေ့နား မှာ ပင် ထိုင်ကာ စကားဝိုင်းထဲ ဝင်ပါနေသည်။

"အစ်ကို အားမနာနဲ့နော် ခြေဆန့်လက်ဆန့်ထားပြီး အိပ်ချင်အိပ်၊ ကျွန်မက ခရီးသွားရင် မျက်လုံးကြောင်လေ့ရှိလို့"

သူမ ကျွန်တော့်ကို လှမ်းပြောပြီး အလုပ်ဆက်လုပ်နေသည်။ ကားက မွန်ပြည်နယ်ထဲ ဝင်နေပြီထင်ပါရဲ့။ အမှောင်က ပိုမိုသိပ်သည်းလာသည်။ ကျွန်တော် သူမရဲ့ လှုပ်ရှားနေသည့် လက်ချောင်းကလေးတွေ ကို ငေးကြည့်နေမိသည်။ လက်ချောင်းကလေးတွေ က ပြည့်ပြည့်ဖောင်း ဖောင်းကလေးတွေ ။ နှစ် ဖက်စလုံး လက်သည်းတွေ ကို တိတိရိရိ ညှပ်ထားသည်။ သူမ ထိုးနေသည် မှာ အကျႌလား ၊ ခြုံစောင်လား ... မသိ။

အိမ်မှာ အစ်မငယ်လည်း ဒါမျိုးတွေ သိပ်လုပ်သည်။ အပျိုတုန်းက ခြုံစောင်တွေ ၊ အကျႌတွေ ထိုးပြီး စတိုးဆိုင်သွင်းဖူးသည် ။

ယခုတော့မလုပ်နိုင်တော့။ ဈေးကွက်လည်း သိပ်မရှိတော့။ ရန်ကုန်ကလည်း ဆောင်းပျောက်နေတာ ကြာမင့်ဟာကို။

ကျွန်တော့်မျက်စိထဲမှာ မိန်းကလေးတွေ သိုးမွှေးဇာပန်းထိုးနေလျှင် အလွန် ကြည့်ကောင်း ၍ ကျက်သရေရှိလှသည်ဟု ထင်မြင်သည်။ ဒါသည် ... အစ်မကိုချစ်သော မောင်တစ်ယောက်၏ အမြင်လည်း ဖြစ်ချင် ဖြစ်နိုင်သည်။ သူမရဲ့ လှုပ်ရှားမှုတွေ ကျွန်တော့်မျက်စိထဲမှတစ်ဆင့် နှလုံးအိမ် အတွင်း း တအိအိတိုးဝင်နေသည်။ သည်လိုနှစ် ယောက်တည်း အခြေအနေပေးနေတုန်း ရင်းနှီးမှု ရယူလိုက်ဖို့ကောင်းသည်။ သူမအနေအထားက ရင်းနှီးခင်မင်လွယ်သည့် အနေအထား။

ခက်တာက မိန်းကလေးတွေ နှင့် ပတ်သက်လျှင်ကျွန်တော် မကျွမ်းကျင်သည့်အပိုင်းတွေ အတော် များ သည်။ မင်္ဂလာဈေးမှာ အလုပ်လုပ်သော လည်း တော် ရုံမိန်းကလေးနှင့် ကျွန်တော် မိတ် ဆွေမ ဖြစ်။ နှုတ်နည်းတာရော၊ တော် ရုံတန်ရုံမိန်းကလေးကို အထင်မကြီးတာတွေ ပါ ရောပြီး ရင်းနှီး ကျွမ်းဝင်ဖို့ ခက်ခဲနေသည်။

“မိုးတိမ်ဆိုတဲ့လူက ဘာမှမဟုတ်ဘဲ အတော် အထာကိုင်တဲ့လူ”

ဆိုင်နီးနားချင်းကောင်မလေးတွေ မကြားတကြားပြောတာ ကြားနေလျက်နှင့် မကြားချင် ယောင်ဆောင်နေခဲ့ဖူးသည်။ ကျွန်တော့် အလုပ်က ဈေးရောင်းအကူလည်းဟုတ်တော့ လူခေါ်ဖို့ ကိစ္စပင် ပထမတော့ ခက်ခက်ခဲခဲ ဖြစ်နေသည်။ “ဘာလိုချင်လဲ၊ ဘာယူမလဲ အစ်မ.... ကြည့်သွားပါ ၊ မဝယ်ချင်လည်း ရပါတယ်။ တိုက်ဆိုင်မှုရှိရင်တော့ အားပေးပေါ့။ ဈေးချင်းတူရင် အစ်မတို့ မနာစေ ရပါဘူး” .... စသဖြင့် ထိုစကားမျိုးလောက် ပြောနိုင်ဖို့ အတော် လေ့ကျင့်ယူရသည်။

ဆိုင်ရှင်က အစ်ကိုအေးသူငယ်ချင်းမို့ ကျွန်တော့်ချို့ယွင်းချက်ကို အတော် ကြီး သည်းခံရှာ သည်။ သူလိုချင်သည့် ပုံစံရောက်အောင် တဖြည်းဖြည်း

ပုံသွင်းယူသည်။ ကျွန်တော် က နှုတ်သာ နည်းသည် ... ခြေပေါ့ လက်ပေါ့ရှိသည်။ ငွေရေး ကြေးရေး စိတ်ချရသည်။ ပစ္စည်းအပေါ် ယုံကြည် ရသည်။ ကဲ .. ဒါဆို နှုတ်လျှာမသွက်သည့် ကိစ္စလောက်တော့ ခွင့်လွှတ်သည်းခံရမည် ပေါ့။

နောက်တစ်ချက် ကျွန်တော့် သိက္ခာကိုလည်းကျွန်တော် က ထိန်းသိမ်းထားချင်သူ။ ယခုပဲ ကားပေါ်မှာ တွေ့ ၊ ခင်မင်ရင်းနှီးမှု ရယူ၊ လိပ်စာတွေ လဲလှယ်ကြ .. မဲပြာပုဆိုးနှင့် ချုပ်ရိုးကွဲဇာတ် လမ်းတွေ ကကြတာမျိုး ကျွန်တော် မလုပ်ချင်။ သာမန်ယောကျ်ားထဲက ယောကျ်ားတစ်ယောက် မ ဖြစ်ချင်။ ထိုသဘောတရားကလည်း ကျွန်တော့်ကို တွန့်ဆုတ်တွေ ဝေစေသည်။

ဟော ..... ကျွန်တော် အတွေ းကောင်းနေသည်နှင့် ကောင်မလေး အလုပ်သိမ်းကာ ဘယ် အချိန်၊ အိပ်ပျော်နေသည်မသိ။ အရှေ့ဂိုင်းမှ စကားသံတွေ ပင် ပြတ်တောင်းပြတ်တောင်းနိုင်လာ သည်။ ကားတွင် းမှ မီးရောင်တွေ မှိန်ထားပေပြီ။ လူတွေ အတော် များများ အိပ်ပျော်ကုန်ကြပြီ။ အအေးဓာတ်လည်း ပို၍ သိပ်သည်းလာသည်။ သူမ အိပ်နေပုံကလေးက လက်ကလေးပိုက်လို့ ... တစ်မျိုးချစ်ကြင်နာစရာ ကောင်းနေသည်။ အနွေးထည် မပါလာဘူးလားမသိ။ ကျွန်တော့်စေတနာ တွေ တစ်ခဏချင်း ရေစီးကမ်းပြိုလိုက်လာသည်။ ကျွန်တော့် ဂျာကင်ကိုချွတ်ကာ သူမကိုယ်ပေါ် အသာကလေး လွှမ်းပေးထားလိုက်သည်။ ကြည့်စမ်း ... အကျႌလွှမ်းပေးသည်ကိုတောင် မသိနိုင် လောက်အောင် သူမ အိပ်မောကျနေသည်ပါလား။

စောစောတုန်းကတော့ ခရီးသွားလျှင် မျက်လုံးကြောင်လေ့ရှိသည်ဟုပြောပြီး ယခုတော့ စိတ်လက်ချချ အိပ်မောကျနေသူလေးကို အနှောင့်အယှက် အဟန့်အတားမဲ့ တမေ့တမောကြည့် နေမိလေသည်။ သူမ ဘယ်လိုလူမျိုးလဲ .... ကုန်ကူးသူလား။ အစိုးရဝန်ထမ်းလား။ လေသူလေ သိမ်းကိုတော့ အကဲမရ။ အချို့ထားဝယ်သူ၊ မြိတ်သူတွေ ဗမာလိုပြောတာ တော် တော် ပီသည်။ ပီဘိ ရန်ကုန်သူတွေ နှယ် ပြောတတ်သူတွေ ရှိသည်။

ကမ်းရိုးတန်းသူစစ်ပဲလား ... ရန်ကုန်သူက ကမ်းရိုးတန်းမြို့တွေ မှာ အလုပ်သွားလုပ်မည့် သူလား။ ဖွဟဲ့ ... လွဲပါစေ ဖယ်ပါစေ .... စားသောက် ဆိုင်တွေ မှာ ၊ ကာရာအိုကေအခန်းတွေ မှာ ။ ပြီးတော့ ဟိုဘက်ကမ်းမှာ အလုပ်သွားလုပ်မည့်သူ မ ဖြစ်ပါစေနှင့် ။

ဟိုဘက်ကမ်းသွားလုပ်မည် ဆိုပြီး ထွက်သွားသည့် မိန်းကလေးတွေ မနည်းလှ။ အချို့လည်း ပြန်မလာတော့။ အချို့လည်း လေးငါးနှစ် နေပြီး ပိန်ပိန်လိန်လိန်နှင့် ပြန်လာပြီး ဓာတ်သိမ်းမကောင်း သူတွေ အများ ကြီး ၊ သူမသည်လို မိန်းကလေးမျိုး မ ဖြစ်ပါစေနှင့် ။

ကောင်သစ်စံကတော့ မည် သည့်နေရာမှ မရပ်နားဘဲ အရှိန်ကောင်းကောင်းနှင့် ပြေးနေဆဲ။

*